mgyoe.com


# ခွေးကလေး အိုလီ ရဲ့ မဟာစွန့်စားခန်း

လင်းလက်ကြယ်စင်

မြန်မာပြန်ဆိုသည်



mgyoe.com




LLKS0014
1,500.00 KS

mgyoe.com

ခွေးကလေး အိုလီရဲ့ မဟာစွန့်စားခန်း၊ လင်းလက်ကြယ်စင်
စာမျက်နှာ ၂၄ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ခွေးကလေး အိုလီရဲ့
# မဟာစွန့်စားခန်း
# Lost in the Snow

Linda Jennings

လင်းလက်ကြယ်စင်
မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

F-2B

mgyoe.com

# Lost in the Snow

**Linda Jennings**
*illustrated by* **Alison Edgson**



# ခွေးကလေး အိုလီ ရဲ့ မဟာစွန့်စားခန်း

လင်းလက်ကြယ်စင်
မြန်မာပြန်ဆိုသည်

mgyoe.com



ခွေးကလေးအိုလီဟာ ဂိုဒေါင်တံခါးကနေ ခေါင်းပြူကြည့်တယ်။
အေးပြီး စိုစွတ်တဲ့ အရာတစ်ခုက သူ့နှာခေါင်းထဲကို ဝင်လာတယ်။

"ဒီဖြူဖြူတွေက ဘာတွေလဲ မေမေ" လို့ သူက အသံစူးစူးလေးနဲ့ မေးလိုက်တယ်။

"အဲဒါကို သားတို့ စားလို့ရလား"

"အဲဒါ နှင်းတွေပေါ့ အိုလီ" လို့ သူ့မေမေက ရယ်ရင်း ဖြေတယ်။



mgyoe.com



mgyoe.com

“နှင်းတွေက ဆောင်းရာသီမှာ မိုးရွာသလို ကျတယ်။
ပြီးတော့ သားတို့ စားလို့မရဘူး”

“ဒါဆိုရင် နှင်းထဲမှာရော ကစားလို့ရမလား” လို့ သူက မေးတယ်။

“ကစားပါရစေ မေမေ. . . နော်” လို့ ရှီဘာနဲ့ ဆမ်တို့ကပါ ပူဆာကြတယ်။

“ကစားပါ၊ ကစားကြ။ ဒါပေမဲ့ ဝေးဝေးမသွားနဲ့နော်” လို့ မေမေက ပြောတယ်။



mgyoe.com

mgyoe.com



ဆမ်နဲ့ ရှီဘာတို့က
ရေခဲဖုံးလွှမ်းနေတဲ့ခြံဝင်းကို
လျှောတိုက်ပြီး ဖြတ်သွားတယ်။
"ငါ့ကို စောင့်ကြဦး" လို့
အိုလီက အော်ပြီး
သူတို့နောက်က အပြေးအလွှား
လိုက်သွားတယ်။



mgyoe.com

mgyoe.com

ခွေးကလေးတွေ ကွင်းထဲကို ရောက်တော့
သူတို့ ပြေးတာကို ရပ်ပြီး ငေးကြည့်ကြတယ်။
နေရာတိုင်းမှာ နှင်းတွေ ရှိတယ်။
"ကစားကြမယ်ဟေ့" လို့ အိုလီက အော်လိုက်တယ်။



ခွေးကလေးတွေဟာ လိုက်ကြပြေးကြ၊
နှင်းတွေကို တူးဆွကြ၊ ပျံ့ဝဲဆင်းသက်လာတဲ့
နှင်းပွင့်နှင်းဖတ်တွေအောက်မှာ
လူးလှိမ့်ကြနဲ့ ကစားကြတယ်။ ရုတ်တရက်. . .





mgyoe.com

mgyoe.com



သူတို့ရှေ့ကို မျက်နှာစိမ်းစိမ်းတစ်ခု
ဘွားခနဲ ပေါ်လာတယ်။
ပါးစပ်ပြဲပြဲ၊ မျက်လုံးကြီးကြီးနဲ့ မျက်နှာတစ်ခု၊
ပြီးတော့ ဟောင်သံ ကျယ်ကျယ်ရောပေါ့။



mgyoe.com

mgyoe.com

ခွေးကလေးတွေဟာ ခဏလောက်တော့
ကြောက်ကြောက်နဲ့ ငြိမ်သက်သွားကြတယ်။
"ပြေး. . ." လို့ ရှီဘာက အော်လိုက်တယ်။





mgyoe.com

mgyoe.com

တဖွဲဖွဲကျနေတဲ့ နှင်းပွင့်တွေအောက်မှာ
ခွေးကလေးတွေ ထွက်ပြေးကြတယ်။
အိုလီရဲ့ခြေထောက်တွေဟာ
ပြေးရင်းပြေးရင်းနဲ့ ခြေကုပ်မိအောင်
တွယ်လိုက်၊ ချော်ထွက်သွားလိုက် ဖြစ်နေတယ်။
နောက်ဆုံး ခွေးဟောင်သံ
တဖြည်းဖြည်း တိုးသွားပြီး
အရာအားလုံး ငြိမ်သက်တိတ်ဆိတ်သွားတဲ့
အချိန်အထိ သူ ပြေးခဲ့တယ်။
ဒါပေမဲ့ ရှီဘာနဲ့ ဆမ်တို့က ဘယ်မှာလဲ။
ခြံဝင်းနဲ့ ဂိုဒေါင်ကရော ဘယ်မှာလဲ။





mgyoe.com

F-4B

mgyoe.com

“အို့ . . မဖြစ်ဘူး” လို့ အိုလီက တအီအီ ညည်းလိုက်တယ်။
“ငါတော့ လမ်းပျောက်နေပြီ”





mgyoe.com